

စိတ်ကူးချိုချိုအနုပညာ
ဒဂုန်ခင်ခင်လေး
ကျွန်းဘိုညို
ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

# ဒဂုန်ခင်ခင်လေး

## ကျွန်းဘိုညို

သစ်ကိုင်းကွယ်မှ ပုန်းလျှိုးကြည့်နေသော
လူရိုင်းမကလေးမှာလည်း
ဝါးကပ်အလောင်းစင်ပေါ်မှ မောင်တင်လတ်နှင့်
မျက်လုံးချင်း တစ်ချက်ဆိုင်မိသွားသည်နှင့်
တပြိုင်နက် ဆက်လက် ထိုင်မနေတော့ဘဲ
မျောက်လွှဲကျော်မကလေးပမာ
သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်းသို့
ပေါ့ပါးသွက်လက်စွာ ကူးပြေးသွားသည်ကို
ရိပ်ခနဲ ရိပ်ခနဲသာ မြင်လိုက်ရပေတော့၏။

dgk0011

1000.00 Ks

mgyoe.com

mgyoe.com

ကျွန်းဘိုညို၊ ဒဂုန်ခင်ခင်လေး
စာမျက်နှာ ၁၁၈ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ အောက်တိုဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၄၁ ဒဂုန်ခင်ခင်လေးစာအုပ်တိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကျွန်းဘိုညို

## ဒဂုန်ခင်ခင်လေး

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း ၁

တအိအိ ကြွလျက်ရှိသော လှိုင်းလုံးကြီးများမှာ ပြာလဲ့လဲ့ မိုးကုပ်စက်ဝိုင်းကြီးအောက်တွင် တစ်လျှောက်လုံးလုံး မျှော်မဆုံးနိုင်အောင် ရှိလေ၏။ အပြောကျယ်စွာသော သမုဒ္ဒရာ သီတာရေပြင်တစ်ခိုတွင် အလျှိုလျှို လှည့်လည်ကျက်စားနေသော ပင်လယ်စင်ရော်ကြီးများသည် လှိုင်းလုံးကြီးများအကြားတွင် သခွားခွံကလေးကဲ့သို့ နိမ့်တုံ မြင့်တုံ ခုတ်မောင်းလျက်ရှိသည့် ပင်လယ်ကူးမော်တော်သင်္ဘောကလေး တစ်စင်း၏ ဝဲယာ ရှေ့နောက်၌ အတောင်တဖျပ်ဖျပ်ခတ်ကာ ပင်လယ်ရေသတ္တဝါ အထူးအဆန်းတစ်ကောင်ကို ကြည့်ကြသည့်ပမာ ဝိုင်းအုံလိုက်ပါ၍နေကြလေ၏။

ထိုနေရာကား ပင်လယ်ကူးသင်္ဘောကြီးများ မကြာခဏ ကူးသန်းသွားလာကြသည့်ရေကြောင်း နယ်ပယ် အဝင်အပါမဟုတ်သော ချောင်ကျရာ အပိုင်းဖြစ်ရုံမက ပစိဖိတ်ကျွန်းစုများတည်ရာဌာန အဝင်အပါဖြစ်လေရာ၊ များစွာသော ကျွန်းကြီး ကျွန်းငယ်၊ ကျွန်းရှယ်၊ ကျွန်းလတ်များနှင့်တကွ ကျောက်တုံးကျောက်မြှောင် ကျောက်ဆောင်၊ ကျောက်

mgyoe.com

mgyoe.com

ကမ်းပါးများမှာလည်း အဏ္ဏဝါရေပြင် အနံ့အပျံ့ ပေါများလျက်ရှိ၏။

ကြည်လင်ပြာလဲ့သော ကောင်းကင်တိမ်သားအောက်၌ ဘော် ဖြူငွေရွှက်လွှာကြီးကို ဖြန့်ကျင်းထားဘိအလား၊ လှိုင်းဘောင်ဘင်ခတ် နေသည့် ရေပြင်ကြီးထက်တွင် ဖောင်ဖွဲ့လျက် မျောအပ်သော မြသား ပြာသာဒ်ကြီးများအလား စိမ်းလန်းစိုပြည်သော ကျွန်းကြီး ကျွန်းငယ် များကို မော်တော်သင်္ဘောငယ်အပေါ်မှ လူများသည် ပင်လယ်ရေလှိုင်း တို့ အကြားတွင် ဘွားခနဲ ဘွားခနဲ မကြာမတင်တွေ့မြင်ကြရပြီးလျှင် အချို့ အချို့ ညို့ညို့မည်းမည်းဖြစ်သော ကျောက်ဆောင်ကျောက်တန်း ကြီးများမှာလည်း ရေထဲတွင်တစ်ပိုင်းငုပ် တစ်ပိုင်းပေါ်နှင့်ရှိကြလျက် အချို့ ကျောက်ဆောင်၊ ကျောက်တန်းများမှာလည်း ရေပေါ်သို့ အလျဉ်း မပေါ်ဘဲ၊ ရေအောက်မှ လုံးဝပုန်းအောင်း၍ ရန်မူရန် ချောင်းမြောင်းနေ တတ်ကြသောကြောင့် ထိုလမ်းကြားသို့ တမင်စွန့်စွန့်စားစားသော်လည်း ကောင်း၊ မျက်စိလည်လမ်းမှား၍သော်လည်းကောင်း၊ မယောင်မလည် ရောက်လာတတ်သော သင်္ဘောငယ်သမ္ဗာန်ငယ်များမှာ ကျားရှေ့ချော်လဲ သည့်ပမာ သေမင်းထောင်ချောက်နှင့်တူသော ကျောက်ဆောင်များနှင့် မကြာခဏ ထိခိုက်နစ်မြုပ်ခံကြရတတ်သဖြင့် မော်တော် သင်္ဘောငယ် ပေါ်တွင် ခရီးသည်အဖြစ် ပါဝင်လိုက်လာကြသူများအတွက် ဘေးရန် မတွေ့ကြစေခြင်းငှာ သင်္ဘောသားများသည် သတိကြီးစွာနှင့် မောင်းနှင် လာခဲ့ရလေ၏။

အဆိုပါ မော်တော်သင်္ဘောကလေးတွင် စီးနင်းလိုက်ပါလာ သူတို့တွင် ပရော်ဖက်ဆာဆရာကြီး ဒေါက်တာ ဒါဝင်သည် သူ၏ တပည့်များအပေါ်တွင် ခေါင်းဆောင်လျက် လိုက်ပါလာသူဖြစ်လေ၏။ ပရော်ဖက်ဆာဆရာကြီး ဒေါက်တာဒါဝင်သည် မိမိတပည့်များနှင့်အတူ ရုက္ခဗေဒပညာများကို လက်တွေ့ ဆည်းပူးရှာဖွေရန်အရေးနှင့် ပတ်သက်၍၊

mgyoe.com

mgyoe.com

ကမ္ဘာပေါ်တွင် ထူးဆန်းသော သစ်ပင်မျိုးအစုံဆုံး၊ အပေါများဆုံးဟု အထူးကျော်ကြားလှသော ရေးမြန်မာခေါ် မာလာယုကျွန်း၊ ယခုခေတ်ခေါ် စူမတ္တြာရနှင့် ဘိုညိုကျွန်းများသို့ ခရီးထွက်လာခဲ့ကြခြင်း ဖြစ်လေ၏။

ထိုနေ့အဖို့မှာ ပရော်ဖက်ဆာ ဆရာကြီး ဒေါက်တာ ဒါဝင်သည် ပထမ စခန်းချ၍ ရုက္ခဗေဒပညာများ စုံစမ်းရာဖြစ်သော စူမတ္တြာရ ကျွန်းမှ ဘိုညိုကျွန်းကြီးဆီသို့၊ မိမိတပည့်များနှင့်အတူ ပညာဆည်းပူးရန်အတွက် ဒတ်ချ်လူမျိုး တစ်ဦးပိုင် မော်တော်သင်္ဘောကလေး တစ်စင်းလုံးငှားယူကာ အထူးခရီးထွက်လာခဲ့ကြခြင်းဖြစ်လေ၏။ ထိုအရပ်ဒေသမှာ ကျောက်တုံး ကျောက်ဆောင်တွေပေါများသဖြင့် ရေလမ်းခရီးသွားရာတွင် အန္တရာယ်များတတ်သော်လည်း ထိုအရပ်ဒေသတွင်ရှိသော သင်္ဘောသားများမှာ ထိုသင်္ဘောငယ်ကလေးနှင့် ကျွန်းကြို ကျွန်းကြားသို့ ကူးသန်းသွားလာနေကျ ကျင်လည်ပြီးလူများဖြစ်သည်ဟု စိတ်ချကာ အေးအေးလူလူ အပူအပင်မရှိ ထွက်ခွာလာခဲ့ကြသူများ ဖြစ်လေ၏။

ဆရာကြီးဒေါက် ဒါဝင်မှာ မော်တော်သင်္ဘောဦးပိုင်းတွင် ပက်လက်ကုလားထိုင်တစ်ခုနှင့် ထိုင်လျက် စာအုပ်တစ်အုပ်ဖတ်ရင်းမှ တစ်ခါတစ်ခါ စာအုပ်ကိုချကာ လွှယ်ထားသော မှန်ပြောင်းနှင့် အဝေးသို့ ကြည့်မျှော်လိုက်၏။ တစ်ခါတစ်ခါလည်း ရေမြှုပ်ရေပန်းများနှင့် လှပဆန်းကြယ်သော ပင်လယ်ရေလှိုင်းများကိုလည်းကောင်း၊ ငါးဖျံများကို ထိုးသုတ်စားသောက်လျက်ရှိသည့် စင်ရော်များကိုလည်းကောင်း၊ မျက်စိအာရုံခံစားကာ အချိန်ဖြုန်းရင်းလိုက်ပါလာခဲ့လေ၏။

တပည့်ကျောင်းသားများမှာမူကား မိမိတို့ရောက်ခဲ့ပြီးသော ဒေသများ အကြောင်းကိုလည်းကောင်း၊ ရှေ့သွားရဦးမည့်ခရီးစဉ်များ အကြောင်းကိုလည်းကောင်း၊ အလျဉ်းသင့်သလို ပြောဆိုနေကြလျက်၊

mgyoe.com

mgyoe.com

အချို့မှာလည်း ပင်လယ်ရှုမျှော်ခင်းနှင့် တစ်ခါတစ်ခါ အဝေးတွင် မသဲမကွဲမြင်ရသည့် ကျွန်းညို့ညို့များကိုလည်းကောင်း၊ ကျောက်တောင်ကြီးများကိုလည်းကောင်း၊ ကြည့်ရှုမငြီးမျှော် သီချင်းသံကြွေးကြော်ရင်း လိုက်ပါလာခဲ့ကြပေ၏။ သို့ရာတွင် အဆိုပါ ရက္ခဗေဒပညာကို ဆည်းပူးရန် လိုက်လာကြသောသူများအနက်မှ မြန်မာလူမျိုး မောင်တင်လတ်ခေါ် မစ္စတာတင်လတ်ဆိုသူ တစ်ဦးမှာ ဝါသနာပါလှသော ပညာရပ်ဖြစ်၍သာလိုက်ပါ လာခဲ့ရငြားလည်း တစ်ခါတစ်ခါ၌ စိတ်မသက်မသာဖြစ်ပေါ်ရသော အတွင်းရေးကလေးကြောင့် ရင်လေးပြီး အဆွေးပိုမိရှာသဖြင့် အခြားအဖော်များနှင့် များစွာမရောနှောလှဘဲ အားအားရှိတိုင်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မိမိ၏မကျေနပ်မှုကလေးကို အတွေးနှင့် စိတ်ဝင်စား၍ လွမ်းအားဖြေနေရရှာမြဲဖြစ်သည့် အားလျော်စွာ သင်္ဘောဝမ်းခေါင်းအတွင်း အခန်းငယ်တစ်ငုရှိ ခုတင်တစ်ခုတွင် အတွေးနယ်ချဲ့ရာမှ အိပ်ပျော်သွားလေ၏။

မောင်တင်လတ်နှင့် အတူပါသော အဖော်တစ်ခုကား ဂျပန်နှစ်ယောက်ကုလားနှစ်ယောက် အင်္ဂလိပ်ငါးယောက်နှင့် ပြင်သစ်လူမျိုးနှစ်ယောက်ဖြစ်ရာ မောင်တင်လတ်မှာ စကားနည်း၍ ဣန္ဒြေကြီးသူဖြစ်သည်ဟူ၍လည်းကောင်း၊အမျိုးတူအဖော်မပါဘဲ မြန်မာတစ်ယောက်တည်းဖြစ်နေသောကြောင့် သူ့ဘာသာ နေတတ်ရှာသည်ဟူ၍လည်းကောင်း၊ အယူအမှတ်ထားကာ လွတ်လပ်စွာနေခွင့် ပေးထားကြသောကြောင့် ထိုအချိန်၌ မောင်တင်လတ်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက်ရှိလေ၏။

မောင်တင်လတ်သည် ရက္ခဗေဒပညာကို ဆည်းပူးရန် ပရော်ဖက်ဆာ ဆရာကြီး ဒေါက်တာဒါဝင်နှင့် စကားကမ်းလှမ်းပြီး၍ ခရီးထွက်ရန် နိုင်ငံကူးလက်မှတ် ယူထားပြီးမှ မမျှော်လင့်ဘဲ လာ၍တွေ့

mgyoe.com

mgyoe.com


ရသော ချစ်သူရည်းစားကလေးအား မိမိခရီးမထွက်လာရမီ လက်ထပ်ထားခဲ့မည့်ဆဲဆဲ တော့လွဲကလေးဖြစ်ကာ ဒေါက်တာ ဒါဝင်၏ခေါ်ယူချက်အရ ထားပြီးသော ကတိတစ်လုံးကို အပျက်မခံလိုသော ဆန္ဒကြောင့်၊ မြန်မာပြည်မှ ကြုံရာသင်္ဘောနှင့် အလျင်အမြန်ခွဲခွာထွက်လာခဲ့ရသည် ဖြစ်ရာ၊ ဆည်းပူးရန်ဖြစ်သော ရုက္ခဗေဒပညာကို လက်တွေ့သင်ကြားနေရသည့် အချိန်နာရီမှ လွဲ၍ အမြဲထင်မြင် သတိရလျက်ရှိခဲ့လေ၏။

ထို့ကြောင့် ယနေ့အဖို့မှာလည်း လှိုင်းမူးခြင်း၊ စိတ်ကူးကြောရှည်ခဲ့ခြင်းများကြောင့် လူသာအိပ်ပျော်၍သွားစေကာမူ ဦးနှောက်ထဲတွင် အစွဲအလမ်းကြီးလှသော ချစ်သူကလေးအား အိပ်မက်ထဲ၌ ယုယပိုက်ထွေးချစ်သွေးချိုမြ၊ နှစ်ကိုယ်တူနီးကပ်စွာ တွေ့ဆုံလျက်ရှိနေလေ၏။

အိပ်မက်ထဲတွင် မိမိစီးနေရသည်မှာ စူမတ္တရကျွန်းမှထွက်လာခဲ့သော မော်တော်သင်္ဘောကလေးမဟုတ်ဘဲ ကျယ်ဝန်းလှသော ယမုံသီတာအဏ္ဏဝါပြင်ကျယ်ရေပြင်လယ်တွင် သေးငယ်သော ရွက်လှေကလေးဖြစ်၍ လှေပေါ်၌ချစ်မဝ ရှုမငြီးသော ဇနီးလောင်းချစ်သူကလေးနှင့်ရင်ငွေ့ပေး၍ အေးအေးလူလူ ကြည်ဖြူနေကြခိုက်ဖြစ်လေ၏။ ထိုအချိန် ထိုအခါ၌ မောင်တင်လတ် တကယ်စီးနင်းလိုက်ပါလာသော မော်တော်သင်္ဘောကလေးမှာ စောစောက ကွေ့ရှောင်လာသော ကျောက်ဆောင်ကြီးများကို ပျောက်ကွယ်သွားသည်တိုင်အောင် ကျော်လွန်လျက် ရေပြင်ကျယ်ဘက်သို့ ဦးတည်ခုတ်မောင်းလျက်ရှိလေ၏။ ဤအချိန်ကား ဒီရေထခိုက်ဖြစ်သည်အားလျော်စွာ မူလက မပေါ်တပေါ်ရှိနေသော ကျောက်ဆောင်များပင် ရေအောက်သို့ ငုပ်လျှိုးကွယ်ပျောက်နေကြသောကြောင့် သင်္ဘောသားများမှာ သတိကြီးစွာဖြင့် ခုတ်မောင်းလာနေရခိုက်ဖြစ်လေ၏။ မာလိန်မှူး၏ ပြောစကားအရမှာလည်း မိမိတို့

mgyoe.com

mgyoe.com

ထွက်လာချိန် အနည်းငယ်နောက်ကျ၍ ဒီရေအထကလည်း စောနေသောကြောင့် ကျောက်ဆောင်ပေါ်သောနေရာတွင်မှ လမ်းစရှာမရအောင်ဖြစ်နေကြောင်း မတော်တဆ စိုးရိမ်ရန်အကြောင်းတစ်ခုခုပေါ်ပေါက်ပါက အသင့်ရှိစေရန် လူများကို သတိပေးထားလေ၏။

ကိုယ်အရေးကြုံလျှင် သက်လုံမကောင်းနိုင်ကြသည့်အားလျော်စွာ သင်္ဘောဝမ်းရှိ အခန်းငယ်ကိုအလုံပိတ်၍ အိပ်ပျော်နေသူ မောင်တင်လတ်အား မည်သူမျှ သတိတရ နိုးကြားခြင်းမပြုနိုင်ကြဘဲ တွဲသဗ္ဗာန်ကို တွယ်သူကတွယ် ဆော့ကွင်းကို ကိုင်သူကိုင်နှင့် ထိန်းမနိုင်အောင်တုန်လှုပ်ချောက်ချားနေကြခိုက် သင်္ဘောဝမ်းကို ရေငုတ်ကျောက်ဆောင်စွမ်းတစ်ခုနှင့် ဒိုင်းခနဲ အရှိန်ပြင်းစွာ တိုက်ခိုက်မိပြီး သင်္ဘောကြီးတစ်ခုလုံး သိမ့်သိမ့်ခါတုန်ဟီးလျက် ရှေ့အဖို့ဆက်လက်မခုတ်နိုင်တော့ဘဲသင်္ဘောနောက်ပိုင်းမှာ တအိအိရေအောက်ရောက်သွားသည်ကို တွေ့ရလျှင် သင်္ဘောသားများသည် ရှိသမျှသော သင်္ဘောစီးများကို သမ္ဗာန်ငယ်သုံးလေးစီးနှင့် အရေးတကြီး သယ်ယူထွက်ပြေးကြရတော့ရာ သမ္ဗာန်ငယ်များ ကိုက်ငါးရာလောက်သို့ရောက်သည့်အခါမှ တစ်စ တစ်စနစ်မြုပ်နေဆဲ မော်တော်သင်္ဘောကလေးမှာ သုံးပုံတစ်ပုံမျှသော ဦးပိုင်းကလေးသာ ကျန်ရှိတော့သည်ကို တွေ့ရသောကြောင့် နှမြောဝမ်းနည်းစွာ ငေးကြည့်နေကြရလေ၏။ သို့သော် သင်္ဘောထက် လူအသက်များက မြတ်တော့သည်။လူတွေအဖိတ်အစင်မရှိသည်ကိုပင် အမြတ်ဟုအောက်မေ့ကာ၊ လူစေ့တက်စေ့ ပါမပါကို စစ်ကြောကြရန် သတိရလာလေ၏။ သို့နှင့်သဗ္ဗာန်သုံးစင်း ရင်ပေါင်တန်း၍ လူအားလုံးကို စစ်ဆေးသောအခါ သင်္ဘောသားထဲမှတစ်ယောက်၊ ကျောင်းသား ခရီးသည်ထဲမှမစ္စတာ တင်လတ်ခေါ် မြန်မာတစ်ယောက်မပါလာကြောင်း သိရသောအခါ စိုးရိမ်ကြီးစွာဖြင့် သင်္ဘောရှိရာသို့ ပြန်လှည့်လာကြပြန်လေ၏။

mgyoe.com

mgyoe.com


သို့ရာတွင် ထိုအချိန်၌ သင်္ဘောဦးကလေးမှာ တစ်ပေလောက်သာ တွေ့မြင်လိုက်ရ၏။ ၎င်းတစ်ပေမှာလည်း ကြည့်ရင်း ကြည့်ရင်းပင် မျက်စိအောက်မှ ပျောက်ခြင်းမလှ ပျောက်ကွယ်နစ်မြုပ်သွားရှာတော့ရာ ဒေါက်တာ ဒါဝင်နှင့် သင်္ဘောသားတစ်စုမှာ ပျောက်ဆုံး သူနှစ်ယောက်အား၊ ရေအောက်မှပေါ်လာလိုပေါ်လာငြား အနီးအနား တစ်ဝိုက်တွင် အတန်ကြာ အားစိုက်၍ရှာနေကြသေးသော်လည်း အချည်းနှီးမျှရှိကြသဖြင့် ဝမ်းနည်းသော အထိမ်းအမှတ်ကို ပြနေကြစဉ် အနောက်တောင်ဘက်မှ လေနီကြမ်းတစ်ချက်အဆင်တွင် တက်ရွက် ပြင်၍ မိမိတို့အသက်ဘေးကြောင့် လွတ်ရာလွတ်ကြောင်း ဆုတ်ခွာထွက်ပြေးကြရလေတော့သတည်း။

ယင်းသို့ဖြစ်၍ သင်္ဘောနစ်နေဆဲ အခန်းထဲတွင် အိပ်မက်နှင့်ကြည်နူးနေသော မောင်တင်လတ်မှာလည်း ချစ်သူနှင့်အတူ ရေပြင်ခရီးတွင် လှေယာဉ်စီးနေခိုက်၊ လေနီကြမ်းကြီးတစ်ချက် ဝှေ့တိုက်လိုက်သဖြင့် လှေကလေးပေါ်မှ ဦးစိုက် ကျွမ်းပြန်ကာရေထဲသို့ထိုးကျသွား၍ တစ်ကိုယ်လုံးစိမ့်ခနဲဖြစ်သွားသည်ဟူသော အိပ်မက်၏အဆုံးတွင် ဖြုန်းခနဲ အလန့်တကြား မျက်လုံးဖွင့်ကြည့်လိုက်သောအခါ လေလုံရေလုံဖြစ်သော အခန်းတစ်ခုလုံးမှာ သင်္ဘောရောမှ ရေများစိမ့်ဝင်လျက်ခုတင်ပေါ်သို့ပင် ရေများ လက်နှစ်လုံးခန့်တက်နေပြီကိုတွေ့ရသောကြောင့် သင်္ဘောတစ်ခုခုဖြစ်၍ နစ်ပြီဟု အတပ်သိကာ ကပျာကယာထ၍ အပေါ်ထပ်သို့ပြေးတက်လာခဲ့ရလေ၏။ အပေါ်ထပ်သို့ရောက်သောအခါလည်း သင်္ဘောမှာ ဦးပိုင်းတစ်ခြမ်းမျှသာ ကျန်တော့လျက်အပေါင်းအဖော်များကို အရေးတကြီး ဟစ်အော်ကြည့် မျှော်ခေါ်ငင်ပါသော်လည်း ဆူညံသောင်းကျန်းလျက်ရှိသော လှိုင်းသံ၊ ရေသံများကြောင့် မောင်တင်လတ်၏အသံမှာ တိမ်မြုပ်ပျောက်ကွယ်နေလျက်

mgyoe.com

mgyoe.com


ဝဲယာတစ်ဖက်တစ်ချက်နှင့် ရှေ့နောက်တောင်မြောက် လှမ်းမျှော်ကြည့်ရှုပါသော်လည်း တအိအိ တကြွကြွ မာန်ဖီ၍ထနေကြသော လှိုင်းလုံးကြီးများက ဝိုင်းဝိုင်းလည်အောင်ကာကွယ်ယှက်သန်းနေကြသောကြောင့် အဝေးသို့လှမ်း၍ မမြင်မစွမ်းနိုင်တော့ပေ။ ထိုအတွင်း မောင်တင်လတ်တွယ်၍နေသော သင်္ဘောဦးပိုင်းမှာလည်း တဖြည်းဖြည်း နစ်၍ နစ်၍နေသောကြောင့် ရေလွတ်ရာ ရှေ့ဘက်သို့တိုး၍ တက်၍လာခဲ့ရာ သင်္ဘောဦးပိုင်းကလေး တစ်လံသာသာလောက်သို့ရောက်သောအခါမူကား သေမင်းပါးစပ်ကြီးနှင့်တူသော အိမ်ငယ်တမျှ ထကြွမြင့်မောက်လာသော လှိုင်းလုံးကြီးနှစ်လုံးမှာ ဒီအကောင်ကို သူစားမည် ငါစားမည်ဟု မာန်ဖီလုယက် စားမာန်တက်နေကြဘိအလား။ အချင်းချင်း ကိုယ်စောင်းတိုက်၍ မိုက်ကြောင်းပြလိုက်ကြရာ မီးကျည်မီးပန်းပမာ ဖွာခနဲထလာသော ရေပန်းရေမှုန်များ ပွင့်ထွက်လာပြီး မောင်တင်လတ်တည်းဟူသော သားကောင်ကို အပြိုင်အဆိုင် အနိုင်ဆွဲ၍ မွေလိုက်ကြသည့်အဆုံးတွင် လုံးလုံးသား ရေအောက်သို့အဖက်အတွယ်မရှိရောက်သွားလေတော့သတည်း။

သို့ရာတွင် မောင်တင်လတ်မှာ အခြားလှိုင်းခေါင်းဖြူတစ်ခုက ရေအောက်မှ ဆွဲထုတ်ယူသွားခြင်း ခံရပြန်လေ၏။ ထို့နောက် အခြားလှိုင်းတစ်ခုက လာ၍ လုယူသွားပြန်၏။ တဖန် သူ့ထက်သူ မိုလ်ကျလျက် တစ်လက်မှ တစ်လက်ပြောင်း၍ လှိုင်းခေါင်းဖြူတွေ အလုံးနှစ်ဆယ်ခန့်လွန်မြောက်လာသောအခါ ကြောက်အားလန့်အားကြောင့် ခြေကားယား လက်ကားပါလာခဲ့သူ မောင်တင်လတ်မှာ ပင်လယ်လှိုင်းလုံးကြီးများ၏ ဓာတ်ကြောကို မပြောဘဲရိပ်မိလာသောကြောင့် အတင်းဘလက်ကာယ လုယက်ခြင်းကို မခံတော့ဘဲ ကိုယ်ကို အလိုက်သင့်ဖော့ကာ ခေါ်ရာသို့လိုက်ပါသွားသဖြင့် အတော်အသင့် အမော

mgyoe.com


သက်သာလာခဲ့ရာ ထိုခဏမှာပင် ကံအားလျော်စွာ အနီးဆုံး ဟိုင်းတော် လုံးက သယ်ယူပေးလိုက်သော သဘော်ာနံရံမှ ပြုတ်ထွက်လာသည့် ပျဥ်တံခါးရွက်ကြီးတစ်ခုကို အတွယ်ရသွားသည်နှင့် သက်သာရာရ သည်ထက် ရလာလေ၏။

ယင်းသို့လှိုင်းလုံးကြီး သယ်ဆောင်ရာသို့ လိမ့်လဲမျောပါသွား ရင်းမှလည်း မိမိနှင့်အလားတူ အပေါင်းအဖော်များကို တွေ့လို တွေ့ငြား မျက်စိအလကားမထားဘဲ ကြည့်ရှုရှာဖွေခဲ့ရာ နေဝင်ဆည်းဆာအချိန် သို့တိုင်အောင် တစ်ကောင်တစ်မြီးမျှ မတွေ့မမြင်ရဘဲရှိလေတော့၏။ အချိန်မှာလည်း ဆည်းဆာမှသည် ညချမ်းသို့ရောက်ခဲ့၏။ ပတ်ဝန်းကျင် အရပ်မှာ ဘာကိုမျှမမြင်ရတော့ဘဲ၊ မှောင်မှောင်မည်းမည်းတွင် တသည်း သည်း တဟဲဟဲ ရယ်မောပြောင်လှောင်နေကြသော လှိုင်းသံ၊ ရေသံများ ကိုသာ ကြားနေရသဖြင့် စိတ်အားငယ်၍လာလေ၏။ နေ့လယ်ကြော ဆီမှ မြောခဲ့ရသောအရှိန်နှင့် တစ်ကိုယ်လုံးလည်း ထုံကျဥ် ကိုက်ခဲလျက် ရှိတော့သည်။ ဆားငန်ရေတို့၏ အတန်တန် ရိုက်ပုတ်ညှဥ်းဆဲခြင်း ခံရသောကြောင့် အသားအရေများမှာလည်း ပူလောင်စပ်ဖျဥ်းကြီးဖြစ် နေပြီးလျှင် ဆားငန်ရေဝင်ဖန်များသော မျက်လုံးများမှာလည်း ကျိန်းစပ် ကာ မျက်တောင်ကိုပင် မ မနိုင်အောင်ရှိလာလေ၏။ လှိုင်းတွေ လေတွေတစ်ကြောတွင် နမ့်တုံ မြင့်တုံ မြုပ်တုံပေါ်တုံ မျောခဲ့ရသော ကြောင့်လည်း ခေါင်းထဲတွင် မူးဝေနောက်ကျိလာလျက် ပျဥ်ချပ်ကို ခိုင်မြဲစွာ ဖက်တွယ်ထားရသောလက်နှစ်ဖက်မှာလည်း ဆက်လက်မြဲမြဲ စွာကိုင်ထားခြင်းငှာ မတတ်သာအောင် အားအင်ကုန်ခန်း၍လာလေ၏။ ဆားငန်ရေဓာတ်ကြောင့်လည်း ပါးစပ်ခြောက်၊ အာခြောက်ဖြစ်ကာ၊ ရေများအလွန်အမင်းဆာ၍လာတော့သည်။ သောက်ရေ အမှတ်ဖြင့် ပင်လယ်ရေကိုအာခေါင်သို့ မပြတ်ဆွတ်မိလေသမျှ ငန်ငြိငြိခါးသက်သက်

mgyoe.com

mgyoe.com

နှင့်၊ ခံတွင်းကိုသာ၍ ပျက်စေသည်သာမက ရေဆာလှသော အာသာကို အဆမတန် သည်းမခံနိုင်အောင် ထပ်မံနှိုးဆွပေးသည်နှင့်သာတူလေ တော့ရာ နောက်ဆုံး၌ မောင်တင်လတ်မှာ ရေနစ်မသေဘဲ၊ ရေထဲတွင် ရေငတ်၍သေရန်အကြောင်းသာလျှင် နီးကပ်စွာတွေ့နေရလေ၏။ သို့နှင့်ပင် နောက်ဆုံး၌ တွယ်ဖက်ထားသော တံခါးရွက် ပျဉ်ချပ်ပေါ်သို့ ကိုယ်တစ်ကိုယ်လုံးတအားကျုံး၍ တက်လိုက်ကာ ပျဉ်တံခါးတွင်ရှိသော ကြေးကွင်းကြီးနှစ်ခုထဲသို့ မိမိ၏လက်နှစ်ဖက်ကို လက်မောင်းရင်းအထိ မှောက်ရက်အိပ်ရင်း လျှိုထားလိုက်မိပြီးနောက် ခြေကုန်လက်ပမ်းကျ သွားကာ မေ့တစ်ချက်လျော့တစ်ခါနှင့် လှိုင်းလုံးတွေ သယ်ယူရာသို့ ဆက်လက်လိုက်ပါသွားရပြန်လေ၏။ မောင်တင်လတ်သည် တစ်ခါ တစ်ခါ သတိရလာခိုက်တွင် မျက်တောင်ကို တအားပင့်၍ ကြည့်မိသော အခါ လောကဓာတ်ကြီးတစ်ခုလုံးမှာ ကတ္တီပါနက်ဖြင့် လွှမ်းခြုံထားဘိ အလား မှောင်ကြီးအတိကျ၍နေသောကြောင့် မိုးကောင်းကင်နှင့် ရေပြင် ကို ခွဲခြား၍ မထင်နိုင်ဘဲ မှောင်တိုက်ထဲတွင် တဟဲဟဲ ဟိန်းဟောက် မာန်ထနေသော လှိုင်းကြီးများသည် ဘုန်းကြီးအလောင်းကို လက် ပြောင်း၍ လှုယူကစားသွားကြသည့်အလား၊ မိမိတွယ်ကပ်ထားသော တံခါးရွက်ပျဉ်ချပ်ကို လှိုင်းလုံးကြီးတွေ လက်ပြောင်းသယ်ယူ သွား သည်ဟု ရေးရေးရိပ်ရိပ်မျှ ထင်မြင်နေမိသည့်အဆုံးတွင် မောင်တင်လတ် မှာ လုံးလုံးသား အားပြတ်ကာ သတိလစ်၍ သွားလေတော့သတည်း။

❑

mgyoe.com

mgyoe.com

# အခန်း ၂

နောက်တစ်ကြိမ် သတိရလာသောအခါ အားသစ်ကလေးများ ဝင်ရောက်လာသလိုလိုရှိ၍ သတိထားပြီး စဉ်းစားလိုက်သည်တွင် မောင်တင်လတ်သည် မလှုပ်မရှက် ငြိမ်သက်သောနေရာဌာနတစ်ခုသို့ ရောက်နေသည်ဟု ထင်မိလေ၏။ ထို့ကြောင့် ဆတ်ခနဲခေါင်းထောင်ပြီး ကျိန်းစပ်လွန်းသဖြင့် ဖွင့်၍မရသော မျက်လုံးကို ကြိုးကြိုးစားစား အားယူ၍ ဖွင့်ကြည့်လိုက်သောအခါ ပျဉ်ချပ်နှင့်တကွ မိမိတစ်ကိုယ်လုံးသည် သောင်ကမ်းစတစ်ခုတွင် အလိုလို လှိုင်းရိုက်၍ တင်နေကြောင်း သိရလေ၏။

ထို့ကြောင့် ရုတ်တရက် ဝမ်းမြောက်လိုက်မိခြင်းဖြင့် လျော့နုံးနေသောအားများပင် စိတ်ဆောင်ကာ တင်းပြည့်လာသည်နှင့် ကပျာကယာ ထထိုင်မည်ပြုရာ မိမိလက်မောင်းနှစ်ဖက်ကို အရင်းမှ တုပ်ဆွဲလိုက်ခြင်းခံရသကဲ့သို့ ရှေ့သို့ပြန်လဲကျသွားသည်တွင် ယခင် ပင်လယ်လှိုင်းအကြား မျောပါးစဉ်က ပျဉ်ချပ်နှင့်ကွဲကွာမသွားစေခြင်းငှာ ကြေးကွင်းကြီးနှစ်ခုကြား၌ လက်မောင်းရင်းအထိ လျှိုထားမိသည်ကို မြင်မိသည့်

mgyoe.com

mgyoe.com


နှင့် လက်မောင်းကို ကြေးကွင်းအတွင်းမှ ကျပ်တည်း ခက်ခဲစွာ ဆွဲ၍ ချွတ်ယူရပြန်လေ၏။

ထို့နောက် မောင်တင်လတ်သည် အင်အားအကြွင်းအကျန် ကလေးများနှင့် လေးဖက်ထောက်ကုန်း၍ ထထိုင်ပြီး မိမိရောက်နေသည့် ဌာန၏ ပတ်ဝန်းကျင်ကို ကြည့်မျှော်မိရာ မိမိရောက်နေသောနေရာမှာ ကျွန်းဆွယ်ကလေးတစ်ခု၏ ရှေ့ပိုင်းသဲသောင်ခုံ အငူကလေးပေါ်တွင် ဒီလှိုင်းရိုက်၍တင်နေကြောင်းသိရလေ၏။ စိမ်းစိုမှိုင်းညို့သော အုန်းပင် ကြီးများအပေါ်မှ နီရဲတောက်ပသော နေလုံးကြီးမှာ တစ်ဖက်ကမ်းမမြင် သောပင်လယ်လောကကြီးကို လင်းပြောင်သော ရောင်ခြည်ဖြင့်အုပ်ဆိုင်း လွှမ်းခြုံထားလေရာ မောင်တင်လတ်မှာ မိမိတစ်သက်အဖို့ ဤမျှလှပ သော ပင်လယ်ကြီး၏ သဘာဝ ရှုမျှော်ခင်းမျိုးကို ဤတစ်ကြိမ်သာ လျှင် တွေ့မြင်ဖူးသဖြင့် စူးစူးစိုက်စိုက် နှစ်ခြိုက်စွာ ငေးမောကြည့်ရှုမိ လေ၏။ အေးမြသော ပင်လယ်လေညင်းကလေးများမှာလည်း ကလူ ကျီစယ် နှုတ်ခွန်းလှယ်ကြ၏။

မောင်တင်လတ်သည် မျှော်မဆုံး ရှုမဆုံး လှိုင်းကြီးတွေတဝုန်း ဝုန်းဖြစ်နေသော ပင်လယ်သမုဒ္ဒရာကြီးကို ကြည့်ကာ မသေကောင်း၊ မပျောက်ကောင်း ဤနေရာသို့ရောက်ရှိလာရသော မိမိ၏ ကံကြမ္မာကို တွေး၍နေမိလေ၏။ မိမိနှင့်အတူတကွ လာခဲ့ကြသော ပရော်ဖက်ဆာ ဆရာကြီး ဒေါက်တာဒါဝင်နှင့်တကွ အပေါင်းအဖော်များနှင့် သင်္ဘော သားများမှာ မိမိကဲ့သို့ အသက်ချမ်းသာရာရမှ ရပါလေစ ... ဟု တွေး၍ တရေးရေး သနားယောင်ဖြစ်မိနေလေ၏။ ယခု မိမိရောက်ရှိနေသော နေရာအရပ်မှာ မည်သို့သောနေရာဒေသဖြစ်၍ ကျန်ရစ်ခဲ့သော စူမတ္တရ ကျွန်းကြီးနှင့် ရှေ့အဖို့ဆက်လက်သွားရမည်ဖြစ်သော ဘိုညီုကျွန်းကြီး ဆိုသည်မှာလည်း ဘယ်ဆီဘယ်လမ်း ဘယ်စခန်းသို့ ရော်ရမ်း၍ မမြင်

mgyoe.com

mgyoe.com

သာအောင် သီတာပြင်ကျယ် ပင်လယ်အဏ္ဏဝါကြီးခြားလျက်ရှိနေတော့သဖြင့် အားငယ်ဝမ်းနည်းသကဲ့သို့ ဖြစ်သွားမိပြန်လေ၏။

ထိုခဏမှာပင် မောင်တင်လတ်သည် မိမိငေးမျှော်ကြည့်ရှုနေမိသော ပင်လယ်ပြင်ကြီးမှာ ကြည့်ရင်း ကြည့်ရင်းပင် ရှေးကထက်တိုး၍ လှိုင်းတံပိုးအဟုန်ကြီးမားလာသည်ကို တွေ့မြင်ရပြီးလျှင် မိမိထိုင်နေသော သဲသောင်ငူကလေးမှာလည်း တဖြည်းဖြည်းငယ်၍ ငယ်၍လာကာ တလိပ်လိပ်တက်နေသော ပင်လယ်ရေများမှာလည်း မိမိနှင့်နီးသည်ထက် နီးကပ်လာသည်ကို တွေ့မြင်ရသဖြင့် ဤတွင်မှ ဒီရေထလာပြန်သည်ဟု သိရှိကာ၊ ထိုနေရာသဲသောင်ခုံကလေးမှ ကပျာကယာအားယူထလျက် ကုန်းတန်းအမြင့်ဘက်သို့ ဒယီးဒယိုင်နှင့် လှမ်းတက်ခဲ့ရပြန်လေ၏။

နေကလည်း တစ်စတစ်စ မြင့်တက်လာခဲ့သည်ဖြစ်ရာ မောင်တင်လတ်မှာ ရေဆာသော ဝေဒနာသည် မခံမရပ်နိုင်အောင် တိုးဆွ၍လာပြန်လေတော့၏။ တောင်မြောက်လေးပါး မျှော်မှန်းရှော်ရမ်း၍ ကြည့်ပါသော်လည်း သုံးမျက်နှာမှာ ဆားငန်ရေအတိနှင့် လှိုင်းအိကြီးတွေ ဝုန်းဝုန်းရိုက်ခတ်နေသော တစ်ဖက်ကမ်းမမြင်သည့် ပင်လယ်ကြီးကိုသာလျှင် တွေ့မြင်ရပြီးနောက် မိမိရောက်ရှိနေသည့် ကျွန်းဆွယ်ကလေးမှာလည်း နောက်ဘက်တွင် ညိုပြာရိမှောင် မြင့်သီခေါင်သည့် တောင်စဉ် တောင်တန်းကြီးများကိုသာ တွေ့မြင်ရသောကြောင့် လူတစ်ဦးတစ်ယောက်၏ အကူအညီကို ရနိုင်ရန်အတွက် များစွာသော ဒုလ္လဘအခက်အခဲကြီးတစ်ခုဖြစ်လေပြီလားဟု တွေးတောစိတ်ပျက်၍ သွားမိလေ၏။

စောစောက မိမိထိုင်နေမိသော ဖြူဖြူဖွေးဖွေး သဲသောင်ခုံကလေးမှာလည်း ယခုအခါ၌ ဒီလှိုင်းရေတို့အောက်တွင် နစ်မြုပ်ပျောက်

mgyoe.com

ကွယ်နေကြပြီးလျှင် ကုန်းမြင့် ကျောက်ဆောင်ကလေးများ၏ အကြို အကြား အစွန်အဖျားတို့တွင် အခြေမခိုင်သလို တောင်ယိမ်း မြောက်ယိုင်နှင့် ပေါက်နေသော အုန်းပင်များပင် ဒီလှိုင်းဖျားပုတ်မိသဖြင့် တလှုပ်လှုပ် တနဲ့နဲ့ဖြစ်၍နေကြသည်ကို တွေ့မြင်ရလေ၏။ ထို့ကြောင့် အကယ်၍သာ စောစောစီးစီး မြောမေ့ရာမှ သတိမရပါက ယခုတက်သော ဒီရေထဲတွင် တစ်ဖန် ပြန်ပါသွားပြီး တစ်ညလုံးနှိပ်စက်လိုက်ကြသော ပင်လယ်လှိုင်းကြီးများနှင့် ဒုတိယအကြိမ် ပြန်လည်တွေ့ဆုံရပေဦးမည်ဟု တွေးလျက် ရုတ်တရက် ကျောတွန့်၍သွားမိလေ၏။

သို့နှင့် ဤကျွန်း ဤမြေ ဤရေ ဤလှိုင်းနှင့် ဤတိုင်း ဤဌာနတို့မှ မည်သို့သောနည်းဖြင့် ပြန်ခွင့်ရနိုင်ပါမည်နည်း။ အမှိုက်သရိုက်နှင့် ဒိုက်၊ မြက်ခြောက်တို့ကို စုပုံမီးရှို့ထားရန်မှာလည်း ရေယာဉ်ဝိုင်းသည့်တိုင်းဌာနဖြစ်၍ မီးခြစ် မီးကပ်လည်းမပါ။ မီးတောက် မီးစာဆို၍လည်းမရှိ။ အကယ်၍ရှိသည်ထားဦး၊ ထိုအရပ်ဒေသတစ်ဝိုက်မှာ ပင်လယ်ကူးသင်္ဘောကြီးများ သွားလာ ကူးသန်းရာမဟုတ်။ ကျောက်ဆောင် ကျောက်ငုတ်တို့ကြောင့်လည်း တံငါများ၏ ကတ္တူ သမ္ဗာန်စသည်များပင် ဤဒေသကိုကွင်းရှောင်ကြသည်ဟု စူမတ္တရက သင်္ဘောသားများပြောကြသည်ကို ထောက်ရှုခြင်းအားဖြင့် တစ်ဦးတလေသော တံငါလှေမှလာမည်မဟုတ်၍ ကယ်မည့်သူကို မီးရောင်ပြ၍ခေါ်ရန် မျှော်လင့်အားထားဖွယ်ရာမရှိကြောင်း သိရပြန်လေ၏။

ယင်းသို့မျှော်လင့်ချက်များမရှိလေလေ ရေငတ်သည့် ဝေဒနာက တိုးကြွနှိပ်စက်လေလေရှိခဲ့လေရာ နောက်ဘက်တွင် မြင်ရသော တောင်ညိုတန်းကြီးဆီသို့ရောက်အောင် သွားနိုင်လျှင်ကား၊ စိမ့်စမ်းရေတံခွန်များရှိမည်ဟု မျှော်လင့်မိပေ၏။ သို့ရာတွင် လက်ငင်း ကုန်ခန်းနေသော အင်အားများသည် ထိုဌာနသို့ ပို့ဆောင်ခြင်းငှာ စွမ်းတော့မည်

mgyoe.com

m...c o m

မဟုတ်ကြောင်းသိရသည်။ ရေဘေးမှလွန်မြောက်ခဲ့ပြီးနောက် ရေမ သောက်ရသောဝေဒနာနှင့်ပင် ဤနေရာ၌ စင်းစင်းသေစရာရှိတော့ သည်ဟု ပူပင်ညှိုးချုံး၍ စိတ်နှလုံးကို တုံးတုံးချလိုက်ရတော့လျက် မြန်မာပြည်ဘက်တွင် ကျန်ရစ်ရှာသော ချစ်သူကလေးနှင့်တကွ မိဘ ဆွေမျိုးတစ်စုတို့အား မျှော်မှန်းကာ ဆန်းကျယ်စွာ ဖန်တီးနှိပ်စက် လိုက်သည့် မိမိ၏ကံကြမ္မာကို အခါခါ စိတ်နာမုန်းတီး၍နေလေ၏။

မိဝေး ဖကွာ လူသူအဆက်ဝေးလှသည့် တစ်ကျွန်းတစ်မြေတွင် ခွေးသေသေရမည်ဖြစ်သော မိမိအဖြစ်အပျက်ကို နက်နက်နဲနဲ တွေးမိ လေလေ ချစ်သူကလေးအတွက် အသည်းထက်ခြမ်းကွဲမည်ကဲ့သို့ ဝမ်းနည်းလှိုက်လှဲဖြစ်မိကာ "ငါမိုက်တာ ငါလော်လီတာ ဒီခရီးကို ဘယ်သူကမှ မသွားမနေရဘူးလို့ အတင်းခိုင်းတာမဟုတ်ဘူး။ ငါ့မေမေ ကလည်း မတိုက်တွန်းဘူး။ ငါ့ဘဘကြီးကလည်း အားမပေးဘူး။ ငါ့ချစ်သူကလေးဆိုတာ အဝေးကြီး၊ ပရော်ဖက်ဆာဆရာကြီးကိုလိုက် ပါမယ်လို့ ကတိပေးပြီး ပတ်စ်ပို့တွေယူပြီးမှ ကတိတစ်လုံးဖျက်ရမှာ နမြောလွန်းလို့သာ ယောကျ်ားပီပီ ကတိတည်ခဲ့တဲ့ အထိမ်းအမှတ်နဲ့ လိုက်လာခဲ့ရတာဟာ ငါ့ဒုက္ခကို ငါရှာတာပဲ" ဟု တစ်ကိုယ်ထည်းဖည်း၊ ညည်းညူ ရေရွတ်နေလေ၏။ ရေငတ်သောဝေဒနာမှာလည်း နေပူလာ လေ မခံမရပ် နိုင်လေရှိသဖြင့် ကြာသော် လည်ချောင်းများ အက်ကွဲ မတတ် ခြောက်ကပ်နာကျင်လာတော့သဖြင့် သက်သာလိုသက်သာငြား လက်ချောင်းများနှင့် လည်မျိုကိုနှိပ်နယ်နေမိလေ၏။ သို့နှင့် နှိပ်နေသော လက်ချောင်းများသည် ဆားငံရေလှိုင်းရိုက်သဖြင့် စုတ်ပြတ် ပေါက်ပြဲ ကုန်သော ရှပ်လက်တို၏အတွင်း မောင်တင်လတ်၏ လက်မောင်းရင်း၌ ပိုးကြိုးငယ်ဖြင့် ဆွဲချီထားသော ဆင်စွယ် သူရဿတီရုပ်ကလေးကို ကိုင်မိပြန်သည်တွင် မိမိနှင့်အလားတူ လှိုင်းလေတို့အကြားတွင် မခွာ

mgyoe.com

mgyoe.com

မခွဲ ပူးတွဲပါလာရှာပေသေးသည်ဟု ဝမ်းမြောက်သော မျက်နှာနှင့် ယုယစွာ ကိုင်၍ကြည့်မိလေ၏။

ထိုဆင်စွယ် သူရဿတီရုပ်ကလေးမှာ မိမိချစ်သူက အမြတ်တနိုးပေးအပ်ထားသော ပစ္စည်းဖြစ်လေသည်။ ဤအရုပ်ကလေးကို အမြဲဆောင်ထားလျှင် အန္တရာယ်ကင်းသည်။ မယ်တော်သူရဿတီ နတ်သမီးသည် အရုပ်ကလေးဆောင်ယူထားသူကို အမြဲအားဖြင့် ချီးမြှင့်စောင့်ရှောက်နေသည်ဟူ၍ ချစ်သူကလေးပြောဖူးသည်ကို အမှတ်ရကာ မိမိမသေမပျောက် ဤနေရာသို့ရောက်လာရသည်မှာလည်း သူရဿတီမယ်တော်ကြီးပင် မစလေသလား .... ဟု စိတ်ထဲတွင် ဇဝေဇဝါ ထင်မိလျက်၊ အရုပ်ကလေးအား ရှေးကထက် အမြတ်တနိုး ကြည်ညို၍ သွားမိလေတော့၏။

သို့ရာတွင် သမုဒ္ဒရာလှိုင်းလေတို့အကြားတွင် မျောပါ၍ကားမသေ၊ရေငတ်သောဝေဒနာနှင့် သေရွာသို့ပြောင်းရမည်ဟု မြေကြီးလက်ခတ်မလွဲ သေချာနေတော့သည်ဖြစ်ရာ မယ်တော်သူရဿတီ မကယ်နိုင်တော့ပြီလောဟု လက်မောင်းမှ အရုပ်ကလေးကိုကြည့်ကာ စိတ်ထဲက တွေးနေမိလေ၏။ ထိုခဏ၌ ထန်းသီးကြွေခိုက် ကျီးနားခိုက်ဖြစ်၍သွားသလော၊ အကယ်ပင် သူရဿတီမယ်တော်ကြီးက မ လိုက်လေသလောမပြောနိုင်။ အသီးအပြွတ်အခိုင်နှင့်တကွ တယိုင်ယိုင် တလှုပ်လှုပ်နှင့် ဒီလှိုင်းပုတ်တိုင်း ယိမ်းနွဲ့နေသည့် အုန်းပင်များအနက်မှ အုန်းသီးတစ်လုံးမှာ ဖြုန်းခနဲ ပြုတ်ကြွေပြီး မောင်တင်လတ်အနီးရှိ ကျောက်စွန်းတစ်ခုပေါ်သို့ အရှိန်ပြင်းစွာကျလာသည်ဖြစ်ရာ မောင်တင်လတ်၏ လျင်မြန်ဖျတ်လတ်သော လက်များသည် အက်ကြောင်းမှ အုန်းရည်စိမ့်ထွက်စပြုနေသော အုန်းသီးကို ကပျာကယာ လှမ်းကောက်ပြီး အားပါးတရကြီး မော့၍ စုပ်ယူသောက်မျိုလျက်ရှိလေ၏။

mgyoe.com

 mgyoe.com


ရေငန်တွေဝိုင်းရာ အရပ်တွင်ပေါက်သော နဂဘာရီအုန်းမျိုးဖြစ်ရာ အရည်အသားနှင့်တကွ ဩဇာဓာတ်ပြည့်ဝလျက်ရှိသောကြောင့် မောင်တင်လတ်မှာ အရည်ကိုသောက်ပြီးနောက် ဖောက်ခွဲဖြဲလွဲ၍ အထဲက အသားကို ကျွတ်ကျွတ်ဝါးနေပြန်လေ၏။ သို့နှင့်ရေလည်းသောက်ရ အစာလည်းစားရပြီဖြစ်သော မောင်တင်လတ်သည် အင်အားပြည့်တင်းလျက် အကယ်၍ ရှေ့အဖို့ ခရီးဆက်လက်သွားမည်ဆိုလျှင်ပင် သွားနိုင်လာပြီဖြစ်ကြောင်း သိရလေ၏။ ကျွန်းဆွယ်ကလေး၏ နောက်ပိုင်းတွင် ရှည်လျားမည်းမှောင်၍ ညိုရောင်သန်းလျက်ရှိသော တောင်စဉ်တောင်တန်းကြီးဆီသို့ တရွေ့လျားလျား သွားပါများလျှင် လမ်းဆုံးက ရွာတွေ့မည် ဆိုသော စကားလို လူသူများနှင့်တွေ့ရမည်။ တွေ့ခဲ့သော် မိမိအဖို့ အချည်းနှီးမဖြစ်ဘဲ တစ်နည်းနည်းနှင့် အကူအညီရပေလိမ့်မည်ဟု မျှော်လင့်လျက်ရှိလေ၏။

သို့ရာတွင် ထိုအတွေးကို ရှေ့နောက်ပြန်လည်စဉ်းစားပြန်သည်ရှိသော် ဤဒေသတစ်ခွင်ကား စူမတ္တရကျွန်း၊ ဂျာဗာကျွန်း၊ ဘိုညိုကျွန်းစသော ကျွန်းကြီးသုံးခုသည်၊ ပစိပိတ်သမုဒ္ဒရာအတွင်း မြောက်မြားလှသော အရံကျွန်းငယ်ကလေးများနှင့် ခြံရံကာ ဖိုခနောက်ဆိုင်တည်ရှိနေသောကြောင့် သဘော်ာနစ်၍ မိမိမျောတင်ရောက်ရှိနေသည့် ကျွန်းဆွယ်ကလေးမှာ အဆိုပါကျွန်းကြီးသုံးခုနှင့် ၎င်းနယ်အဝင်အပါများစွာသော ကျွန်းငယ်ကလေးတို့တွင် တစ်ခုအဝင်အပါသော်လည်းကောင်းဖြစ်ရမည်ဟု တွေးဆဆင်ခြင်မိလေ၏။

သို့ဖြစ်လျှင်ကား ဤနေရာဒေသများသည် အထူးထူးအပြားပြား အမျိုးအမည်များလှသော ကြမ်းကြုတ်ရက်စက်သည့် သားရဲတိရစ္ဆာန်များ၊ အဆိပ်ပြင်းထန်လှသော သတ္တဝါအမျိုးမျိုးများနှင့်တကွ ထူးထွေဆန်းကြယ်၍ အံ့ဖွယ်အဖြာဖြာတို့နှင့် ပြည့်စုံသော သစ်ပင်

mgyoe.com

mgyoe.com

တောပင်များ ဂမုန်းအမျိုးမျိုး၊ ဆေးမြစ် ဆေးဖက်အထွေထွေနှင့် ပြည့်ဝ၍နေသည်ဟု ကမ္ဘာတစ်ခွင်၌ ကျော်ဇောထင်ရှားသော အရပ်ဒေသဖြစ်ခြင်းကြောင့် တောတောင်အတွင်းသို့ အရမ်းမဲ့သွား၍ မတော်။ မြေစမ်းခရမ်းပျိုးဆိုတာလို တစ်စတစ်စ စမ်းသပ်၍သွားမှသာ သင့်ချိမ့်မည်ဟု ပြင်ဆင်စိတ်ကူးမိလေ၏။

ထို့ကြောင့် ယနေ့အဖို့ ဤနေရာကမ်းစပ်တွင်ပင် စတည်းချ၍ ညအချိန်မှာ တောတောင်ဘက်သို့ ရှုမျှော်အကဲခတ်မည်။ တောင်ပေါ်တွင် လူနေအိမ်ခြေဖြစ်စေ၊ ရွာငယ်တဲငယ်ဖြစ်စေ ရှိလျှင်၊ ညဘက်၌မည်သည့်နည်းနှင့်မဆို မီးလက်လက်မြင်ရမည်။ မီးမြင်ရာအရပ်ကိုမှတ်သား၍ နံနက်လင်းမှသွားတော့မည်ဟု ဆုံးဖြတ်ကာ၊ နောက်တစ်လုံး နှစ်လုံး ကြွေကျလာလာသော အုန်းသီးများကို ကောက်ယူစားသောက်ခြင်းဖြင့် ထိုနေ့အဖို့ အာဟာရဖြည့်တင်းကာ၊ ညီညာပြန့်ပြူးသော ကျောက်ပြားတစ်ခုကို အိပ်ရာအဖြစ် ရွေးချယ်လျက် ထက်ခြမ်းကွဲနေသော အုန်းသီးတစ်လုံးကို ခေါင်းအုံးအဖြစ် အသုံးချလေတော့၏။

ထိုညအဖို့၌ ကောင်းကင်ပြင်ကြီးတစ်ခုလုံးမှာ ယမန်နေ့ကလို ညိုမြည်းမှုံပြာခက်ထန်စွာ နှုတ်ခမ်းစူ၍မနေတော့ဘဲ ပြေပြစ်ချောမွတ်သော အပျိုစင်၏ပြုံးရွှင်သော မျက်နှာကလေးလို ကြည်လင်သာယာလျက်ရှိရုံမက ဝင်းဝင်းဝါဝါ ထိန်ထိန်သာ၍နေသော စန္ဒာငွေလမင်းကြီးမှာလည်း တာရာစုခြံရံ၍ အနန္တစကြဝဠာကို ကြည်နူးပျော်ဖွယ်ရာဖြစ်အောင် အကျိုးဆောင်လျက်ရှိလေ၏။ ယမန်နေ့ ခပ်ရမ်းရမ်းနှင့်အကြမ်း ဘလက်ကာယ လေးကင်းပြလိုက်သော လေနတ်သားမှာလည်း ဖိုးလမင်းကြီးကို အားကျမခံပြုဘိအလား ညင်းညင်းညှံ့သည့်လေသန့်လေအေးကလေးကို ဆော်သွေးသုတ်ဖြူးပေးလျက်ရှိရာ သမုဒ်ပြင်ကျယ် ပင်လယ်အဏ္ဏဝါအတွင်းရှိ သေပင်းပါးစပ်ကဲ့သို့သော လှိုင်းလုံး

mgyoe.com

mgyoe.com

ကြီးကြီးများမှာလည်း မိမိနှင့်ဆိုးဘော် ဆိုးဘက်ဖြစ်သော လေနတ်သား၏ အားပေး အားမြှောက်ပြုခြင်း မရသဖြင့်တစ်ကြောင်း၊ ကောင်းကင်မှ သာယာထိန်းလင်းသောလ မင်း၏အရောင်အဝါကို ချမ်းမြကြည်သာစွာ ခံယူရသည့်အတွက် အကြမ်းဖက်ရမည်ကို ရှက်စနိုးဖြစ်နေဘိ အလား လှပသော လှိုင်းစိပ်ကလေးများဖြင့် စိတ်ထားဖြူစင်နေသော အမှတ်လက္ခဏာကို ပြလျက်ရှိပေ၏။

"တစ်ကျွန်းစီနေ တစ်ပြည်စီခြားတဲ့ မယ်ရယ် မျက်နှာခြင်းကို လှ လမင်းမှာဆုံစို့ကွယ် ..." ဆိုသော သီချင်းပမာ သာယာသော ညဥ့်အာရုံကို ခံစားနေမိသော မောင်တင်လတ်လည်း ကျောက်ပြားပေါ်တွင် တော်တော်နှင့် အိပ်မပျော်ရှာဘဲ ခွဲခွာလာခဲ့ရသည့် ချစ်သူကလေးအား တနုံ့နုံ့ အလွမ်းပွားလျက်ရှိသောကြောင့် ကောင်းကင်အာကာ နတ်တံတား ကြယ်တာရာများ ခြံရံကာ၊ သာယာထိန်လင်းလျက်ရှိသော လမင်းကြီးကို မျှော်ကြည့်ပြီး သူ၏ချစ်သူကလေးမှာလည်း ယခုအချိန်တွင် ဝင်းဝါထိန်လင်းသော လမင်းကြီးကိုကြည့်ကာ မိမိကိုသတိရနေရှာပေလိမ့်မည်။ အသင် လမင်းကြီး ကျွန်ုပ်၏ ဒုက္ခအဝဝကို ချစ်သူနှမငယ်အား ပြန်ကြားသတင်းပေးတော်မူလိုက်ပါတော့။ ဤအရပ် ဤဌာနသည် ကမ္ဘာလောကကြီးနှင့် အဆက်အသွယ် မပြတ်သေးသည့် အရပ်မျိုးဖြစ်ပါမူ ချစ်သူနှင့်တကွ မိဘရပ်ထံဖြစ်သော မြန်မာပြည်ဆီသို့ ပြန်လည်ရောက်ရှိနိုင်ပါလိမ့်ဦးမည်ဟု ဝိုင်းလည်သော မျက်ရည်များဖြင့် စိတ်ကူးနှင့် မှာကြား၍နေတော့၏။

တစ်ခါတစ်ခါလည်း မည်းညိုမှောင်ပြာသော ကျွန်းဆွယ်၏ နောက်ပိုင်းရှိ တောင်တန်းကြီးဆီသို့ လှည့်မျှော်ကြည့်ရှုမိပြီး လူသူနေထိုင်သော တောင်တန်းကြီးဖြစ်ပါစေဟု တောင့်တမိလေ၏။ သို့နှင့် မျှော်လင့်ခြင်းကြီးစွာနှင့် တောင်တန်းကြီးကို စိုက်ကြည့်မိရာ၊ တစ်ခါ

mgyoe.com

mgyoe.com

တစ်ရံ တောင်တန်း၏ တစ်စိတ်တစ်ဒေသသော အပိုင်းများရှိသစ်ပင် အုပ်ကြီးများအကြားမှာ ပိုးစုန်းကြူးပမာနီရဲသော မီးရောင်လက်လက် ကလေးများကို တစ်ချက် တစ်ချက်၌ တွေ့မြင်လိုက်ရလျှင် မောင်တင်လတ် ၏မျက်လုံးများသည် ဝင်းဝင်းပြောင်လျက် အားတက်ကျေနပ်သွားမိ လေသတည်း။

သို့နှင့် စိတ်အားတက်စွာ ဆက်လက် ကြည့်ရှုနေမိရာ မီးရောင် များမှာ ဟိုနေရာတချို့၊ ဒီနေရာတချို့ရှိရာမှ များမကြာမီ တစ်နေရာ တွင် စုရုံးရောက်ရှိနေသည်ကို တွေ့ရလေ၏။ တောမီးလောင်နေခြင်း မဟုတ်ဘဲ၊ နီရဲသောမူလ မီးရောင်ရွှေ့ပြောင်း လှုပ်ရှားနေခြင်းအားဖြင့် လူတို့နေထိုင်ရာအရပ်ဟု တပ်အပ်သိရကာ၊ ယခုချက်ချင်းပင် ထိုနေရာ အရပ်ရှိ လူသူတို့နှင့် ပြေးလွှားသွားရောက် တွေ့ဆုံလိုက်ချင်သလိုရှိ တော့သည်။ သို့ရာတွင် မောင်တင်လတ်မှာ တောတောင် ကျွမ်းကျင်သူ မဟုတ်သည့်အပြင်၊ ညအခါတွင်ထွက်၍ ကျက်စားနေကြဖြစ်သော မြွေ၊ကင်း၊ သာရဲတိရစ္ဆာန်စသည့် သတ္တဝါတို့၏ ဘေးရန်ကို ကြောက် ရွံ့ခြင်းကြောင့် စိတ်အောင့်ချုပ်တီးလျက်၊ နံနက်လင်းမှ ထိုအရပ်ဆီသို့ မှန်းဆ၍သွားတော့မည်ဟု စိတ်ကူး၍ထားလိုက်ရပြီး အုန်းသီးခွံပေါ် ခေါင်းချလျက် အိပ်စက်လိုက်လေတော့သတည်း။

မောင်တင်လတ်သည် မိမိမည်မျှကြာအောင် အိပ်ပျော်နေ သည်မသိ၊ မိမိကိုယ်ကို ကြမ်းတမ်းစွာ ဆွဲဆောင့်လှုပ်ယူလိုက်ခြင်းခံရ သဖြင့်၊ ဖျပ်ခနဲလန့်နိုးရလေတော့၏။ နိုးလျှင်နိုးချင်းပင် မျက်စိမှုန် သီမှုန်ဝါးနှင့် တစ်စုံတစ်ရာကို ကွဲပြားခြားနားစွာ မမြင်ရသေးမီ မိမိအား မီးတောက်မီးစိုးကြီးများသာ ဝိုင်းရံလျက်ရှိနေသည်ကို တွေ့မြင်ရပြီးမှ မီးတောက်ကြီးများအောက်တွင် ကြောက်မက်ဖွယ် မျက်နှာဆိုးကြီးတွေ နှင့် ဝိုင်းအုံကြည့်ရှုနေကြသော လူရိုင်းကြီးများကို တွေ့မြင်ရသဖြင့်

mgyoe.com

mgyoe.com

ထိတ်ခနဲ အံ့အားသင့်သွားလေ၏။ ၎င်းတို့၏ လက်တွင် ပြောင်လက်ထက်မြသော မိန်းတံများ၊ လှံချွန်များ၊ ဒူးလေးကြီးများကို မြင်ရသောအခါ ထိုလူရိုင်းတို့သည် မည်မျှ ကြမ်းကြုတ်ရက်စက်ကြောင်း တွေးဆနိုင်တော့လျက် တချို့လူရိုင်းများ၏လက်တွင်လည်း သွေးစက်စက်နှင့် ယုန်ကောင်၊ သမင်ကောင်၊ ကျားသစ်ကောင်ကလေးများ ပါရှိလာခြင်းအားဖြင့် ညဘက်၌ အမဲလိုက်ထွက်လာကြသော လူရိုင်းများဖြစ်ကြောင်း သိရလေ၏။ မောင်တင်လတ်သည် ထိုလူရိုင်းများလက်ဝယ်သို့ မျက်နှာငယ်နှင့်ရောက်ရလေပြီ။ မိမိမှာ သင်္ဘောပျက်ရာက လှိုင်းပုတ်၍ သောင်တင်နေသော ဒုက္ခသည်သာဖြစ်ကြောင်း၊ ဤနယ်သို့ လူတွင်ကျယ် လူစွာလုပ်ရန် နေရာချဲ့ထွင်ရန် လာရောက်သော ဓနရှင်ဝါဒအင်ပီးရယ်လစ်ဇင်းသမားမဟုတ်၍ ဒုက္ခမပေးကြပါမည့်အကြောင်း တောင်းပန် အသနားခံမည်ကြံသော်လည်း မိမိပြောရမည့် ဘာသာစကားများကို သူတို့နားလည်ကြပုံမရ၊ လက်ပြ၊ ခြေပြနှင့် မိမိအဖြစ်အပျက်များကို နုတ်သံနှော၍ ပြောသောအခါမှာလည်း၊ ဤအရိုင်းကောင်တွေ၏ မျက်နှာထားကို ကြည့်ရခြင်းအားဖြင့် အသနားခံရမည့်အရေးမှာ ကျွဲအနား စောင်းတီးပေးသကဲ့သို့သာရှိလျက် မိမိက ခေါင်းလှုပ်လှုပ်၊ လက်လှုပ်လှုပ်နှင့် ပြောပြသည်ကိုပင် သူတို့ကို ရန်မူလိုသည်ဟု ထင်သည့်အလား ကြမ်းတမ်းစွာ ဆွဲဆောင့် တုတ်နှောင်ဖမ်းယူသွားကြလေ၏။

မောင်တင်လတ်ကား အခက်ထဲတွင် အခဲတွေ့၍နေလေ၏။ ဤလူရိုင်းများမှာ စာအုပ်ထဲများ၌ တွေ့မြင်ဖတ်ရှုခဲ့ရဖူးသော စူမတ္တရနှင့် ဘိုညိုကျွန်းရှိ တိုင်းရင်းသားလူရိုင်းများပင်ဖြစ်ပေမည်။ သို့ဖြစ်လျှင် ဤကျွန်းများရှိ တိုင်းရင်းသား လူရိုင်းများမှာ အယဉ်ဆုံး၊ မယဉ်တယဉ်၊ အရိုင်းနှင့် အရိုင်းဆုံးလူသားစားများအထိရှိခဲ့လေရာ၊ ယခု မိမိတွေ့ရသောအရိုင်းများမှာ လူသားစားအရိုင်းများနှင့် သာမန်အရိုင်းများအနက်၊

mgyoe.com

 mgyoe.com


သူတို့၏ရက်စက်ခက်ထန်ပုံကို ထောက်ချင့်ခြင်းအားဖြင့် လူသားစား အရိုင်းများပင်ဖြစ်မည်ဟု ယုံကြည်မိတော့၏။

လူရိုင်းတို့ကား မောင်တင်လတ်ကို ကျားရိုင်းတစ်ကောင်ကို ဖမ်းယူလာဘိအလား၊ လက်ရောကိုယ်ပါ နွယ်ကြိုးတို့နှင့် အထပ်ထပ် ရစ်ပတ်လျက် ဝိုင်းအုံဆွဲခေါ်သွားကြပြီး ရှေ့နောက်ဝဲယာမှ သူတို့အဖို့ အဖိုးအတန်ဆုံး အမွန်မြတ်ဆုံးသော ဆုဖြိုးသည့် သားကောင်တစ် ကောင်ကို ရလာသည့်အတွက် နှစ်သက်ဝမ်းမြောက်ကြလေဟန်ဖြင့် လှံတံများ၊ မှိန်းချွန်များ၊ ဒူးလေးများ၊ မီးတုတ်ကြီးများကို မြှောက်ကာ မြှောက်ကာ သူတို့ဘာသာဘာဝ ဆူညံစွာဟစ်အော် ကြွေးကြော်ကြလျက် ခုန်ဆွ ခုန်ဆွနှင့် ကသူက၊ အော်သူအော် အပျော်ကြီးပျော်လာကြလျက် တဒိန်းဒိန်း နှက်လိုက်သော ဖားစည်သံကြီးမှာလည်း နားအူပွင့်ထွက် မတတ်ပဲ့တင်ထပ်သံနှင့် အပြန်အလှန်ဆူညံ၍နေတော့သည် ဖြစ်ရာ ယခင်က သာယာကြည်နူးဖွယ်သော ကျွန်းဆွယ်သောင်ငူကလေးနှင့် ကောင်းကင်မှ လမင်းကြီးမှာ၊ လူရိုင်းများ ဖမ်းဆီးရာသို့ပါသွားသော မောင်တင်လတ်အဖို့ ဝမ်းနည်းစွာ ကြည့်မျှော် ကျန်ရစ်သကဲ့သို့ မှတ်ထင် ရလေ၏။

❑

mgyoe.com

mgyoe.com

# အခန်း ၃

တစ်စုံတစ်ဦး၏ အကူအညီကိုမျှ မရနိုင်သည့် တောကြီးခေါင်ခေါင် တောင်ကြီးဟိန်းဟိန်းတွင် အစိမ်းသားရဲပမာ၊ လူအရှင်လတ်လတ်ကို သတ်ဖြတ် စားသောက်မည့် ဘိုညိုကျွန်းသား လူရိုင်းများ၏ ပျော်ပွဲကြီးဆူညံစည်ကားနေသလောက်၊ဝါးကပ်ကလေးပေါ်တွင်လက်၊ ခြေလေးဘက်စလုံးနွယ်နှင့်တုတ်ကာ အလယ်တည့်တည့် မီးဖိုကြီးကို ချာလပတ်လှည့်၍ အလောင်းကစားခံနေရသော မောင်တင်လတ်မှာ အသည်းတဆတ်ဆတ်တုန်၍နေလေတော့၏။

ငါ၏ကံကြမ္မာဆိုးဝါးလေစွ၊ အပြော ကျယ်လှစွာသော မဟာသမုဒ္ဒရာ ရေဘေးမှ ကင်းဝေးလွတ်မြောက်ခြင်းကြီးမက လွတ်မြောက်ခဲ့ရပါလျက်၊ ကုန်းမြေသို့တက်မိမှ ရက်စက်လှသော လူသားစားအရိုင်းကောင်များလက်သို့ တိရစ္ဆာန် ကြက်၊ ငှက်ကလေးကဲ့သို့ မိမိအသက်ကို အပ်ရသည်မှာ မလျောက်ပတ်လှစေကာမူ မည်သို့မှ စကြံတတ်အောင်ရှိနေခဲ့လေ၏။ ယောကျ်ားကောင်းတို့၏ လုံ့လသည် သေခါမှ လျှော့ရမည်ဟုသိသော်လည်း ချုပ်တည်းစည်းနှောင်ထားသော

mgyoe.com

mgyoe.com


နွယ်ကြိုးအနှောင်အဖွဲ့များကို လွတ်အောင် ရုံးထွက်ရန်ပင်၊ အဆမတန် ခဲယဉ်းလျက်ရှိတော့၏။

ဟေးလားဝါးလား ဆူညံနေသောအသံများ၊ ဖားစည်ဗုံတိုတို့ နှက်သံများ၊ တောသံ၊တောင်သံများသည်လည်းကောင်း၊ ဝိုင်းဖွဲ့ကခုန် နေကြသော အလယ်ဗဟိုမှ မီးပုံကြီးမှာ တစ်လိပ်လိပ်တက်နေသည့် မီးခိုး လုံးကြီးများသည်လည်းကောင်း၊ သေရအံ့ဆဲဆဲရှိနေသော မောင်တင်လတ် ၏စိတ်ဓာတ်ကို ပိုမိုနောက်ကျိလာစေတော့၏။ တစ်ခါတစ်ခါလည်း ဟယ် .... ငါက သေသူမထူးဘူး သေရမယ့်အတူတူ မင်းတို့တစ်တွေရဲ့ အသတ်ကိုမခံဘူး။ ကြံနိုင်သလောက် ကြံပြီးလွတ်အောင်ရုန်းမယ်ဟု ကြိမ်းဝါးကာ ဝါးကပ်ပေါ်မှာ တအားလွန့်၍ ကန်၍ရုန်းမိလေ၏။ သို့ ရာတွင် ခိုင်မြဲသော နွယ်ကြိုးများကြောင့် ရုန်းသလောက် အသားအရေ များ စုတ်ပြတ်ပွန်းပဲ့ခြင်းသာ အဖတ်တင်လျက် ကြိုးစားသမျှ အရာ မထင်အောင်ရှိတော့၏။

သို့နှင့် အရှင်လတ်လတ် မီးမြှိုက်စားမြိုခံရမည့်အချိန်ကား နီးသည်ထက် နီးလာလေပြီ။ ဆူညံကြွေးကြော် ဟစ်အော်ကြသောအသံ နှင့် တီးခေါက်သော ဖားစည်သံများမှာ ကျယ်သည်ထက် ကျယ်လာပြီး မီးပုံများကို ချာချာလှည့်နေသော မိမိ၏ဝါးကပ်စင်ကလေးမှာလည်း မြန်သည်ထက် မြန်၍လာသည်ဟု ထင်ရပြီးလျှင် မီးခိုးတွေအူနေသည့် မီးပုံကြီးမှာလည်း မီးတောက်တွေ တဖြိုင်ဖြိုင်နှင့် လိုှင်လိုှင်ကြီး ဆွဲဆောင် လျက်ရှိလေ၏။ မောင်တင်လတ်မှာ အားမတန်သဖြင့် မာန်လျှော့ရ တော့မည့် အချိန်ဖြစ်၍ ဝါးကပ်စင်ပေါ်မှာပင် ခြေပစ်လက်ပစ်ဖြစ်ကာ သက်မကြီးတစ်ချက်ချပြီး လက်မောင်းရင်းတွင် စီးထားသော ဆင်စွယ် သူရဿတီရုပ်ကလေးကို ပါးနှင့်အပ်လျက် ခက်ပြီ ... ခက်ပြီ ဒီတစ်ခါ တော့ အကြျရဲ့ သူရဿတီမယ်တော်ကြီး မကယ်နိုင်တော့ဘူး ထင်ပါရဲ့

mgyoe.com

mgyoe.com

ဟု ညည်းညည်းတွဲ့တွဲ့ ရေရွတ်မိလေ၏။ တစ်ချက် တစ်ချက်မှာလည်း ယခုနေအခါ ဘိုင်စကုတ်ထဲကလို နတ်တွေ၊ သိကြားတွေ ထွက်ရပ်ပေါက်ဆရာကြီးတွေ လာကယ်ရင် အင်မတန်နေရာကျမှာပဲဟု စဉ်းစားမိ၏။ တစ်ခါတစ်ခါလည်း ဟယ် ... ဒါတွေက တမင် တကာ လုပ်ဇာတ်ခင်းထားတဲ့ အဖြစ်အပျက်တွေပဲ မဖြစ်နိုင်ပါဘူး .... ဟု စဉ်းစား၍ တအားငယ်သွားမိပြန်တော့၏။

ထို့ကြောင့် လူသူဝေးသော တစ်ရပ်တစ်ကျေးတွင် ခွေးသေသေရမည့်အဖြစ်ကိုတွေး၍၊ သေရခြင်း သေရစေကာမူ အယူအစွဲ ဖြောင့်ပါစေတော့ဟု ပက်လက်အိပ်ရာမှ အထက်ကောင်းကင်ကို မော့ကာ၊ အာရုံကောင်းယူ၍နေရတော့လေ၏။ သို့ရာတွင် အထက်ကောင်းကင်ကို လွတ်လပ်ရှင်းလင်းစွာမမြင်ရ၊ အပေါ်တွင် အုပ်အုပ်ဆိုင်းဆိုင်းနှင့် အကိုင်းအခက်ဝေဆာလှသော ပညောင်ပင်ကဲ့သို့ သစ်ပင်ကြီးများ မြင့်မားစွာ လွှမ်းမိုးထားသည်ကို တွေ့ရလျက် တစ်ခုသောသစ်ကိုင်းကလေး၏ ခွကြားတွင်ကား မျောက်လွှဲကြော်ကဲ့သို့ မွဲခြောက်ခြောက် အသွေးရှိသောသတ္တဝါတစ်ကောင်သည် မောင်တင်လတ်အား စိမ်းစိမ်းစားစား စိုက်ကြည့်နေလေ၏။ မောင်တင်လတ်သည် အဆိုပါ သတ္တဝါအား မိမိကို အဘယ်ကြောင့် ဤမျှကြည့်ရဘိသနည်းဟု သေချာစွာ ထပ်မံကြည့်လိုက်သောအခါ တိရစ္ဆာန်မျောက်လွှဲကျော်မဟုတ်ဘဲ မျောက်လွှဲကျော်၏ အရေပြားကို လွှမ်းဆင်ဝတ်ရုံထားသော လူရိုင်းမငယ်တစ်ယောက်ဖြစ်နေသည်ကို တွေ့ရပြီးလျှင်ကို လူရိုင်းမငယ်မှာ လူသားစားရအံ့ဟု ခုန်ပေါက်ပျော်မြူးနေကြသော အခြားလူရိုင်းမများကဲ့သို့ အရုပ်ဆိုးအကျည်းတန် မည်းတူး တာလန်ကြီးမဟုတ်ဘဲ။ ဝါဝင်းသော အသား၊ သနားကမား မျက်နှာကလေးနှင့် တစ်သွေး တစ်မွေးရှိနေသည့် အပြင် သူ၏အသွေးအရေ ထူးခြားကွဲပြားသလို အခြားလူရိုင်း အထီးအမ

mgyoe.com

mgyoe.com


များနှင့် မရောနှောဘဲ၊ တစ်ကိုယ်တည်း ခွဲခြားနေသောကြောင့် သေအံ့ဆဲဆဲဖြစ်သော မောင်တင်လတ်စိတ်တွင် အကြောင်းမည်သို့ဟု တွေးတောဆင်ခြင်ကာ အဆိုပါ လူရိုင်းမလေးကို ပြန်လည်စူးစိုက် ကြည့်နေမိလေ၏။

သစ်ကိုင်းကွယ်မှ ပုန်းလျှိုးကြည့်နေသော လူရိုင်းမလေးမှာလည်း ဝါးကပ်အလောင်းစင်ပေါ်မှ မောင်တင်လတ်နှင့် မျက်လုံးခြင်းတစ်ချက်ဆိုင်မိသွားသည်နှင့် တစ်ပြိုင်နက် ဆက်လက်ထိုင်မနေတော့ဘဲ မျောက်လွဲကျော်မကလေးပမာ သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်းသို့ ပေါ့ပါးသွက်လက်စွာ ကူးပြေးသွားသည်ကို ရိပ်ခနဲ ရိပ်ခနဲသာ မြင်လိုက်ရပေတော့၏။

မောင်တင်လတ်ကား ဆူညံသောင်းကျန်းနေကြသော လူရိုင်းသံတွေအထဲမှာပင် အကြောင်းမဲ့သက်သက် တွေ့မြင်လိုက်ရသော လူရိုင်းမကလေး၏မျက်နှာကို ထင်မြင်လျက်ရှိလေ၏။ သို့ရာတွင် သွက်သွက်လည်မျှ၊ မီးပုံကို ချာချာဝိုင်းနေသော မိမိ၏စီးတော်ယာဉ်၏လှုပ်ရှားမှုကြောင့် တဖြည်းဖြည်းမူးဝေကာ မျက်လုံးတွေမှေးလာပြီး တစ်ခါတစ်ခါ မီးပုံထဲ မီးညွန့်ရိုးလျှံများပေါ်သို့ မရောက်တရောက်မြှောက်ပင့်ကစားခြင်း ခံရသဖြင့် မီးရှိန်ဟပ်ကာ မခံမရပ်နိုင်အောင် ပူလောင်လာလေရာ သေရမည့်အတူတူ လူရောစိတ်ပါ ဝေဒနာမခံစားရဘဲ ဖြတ်ခနဲသေလိုက်ရသည်က ကောင်းလေရဲ့ ... သတ်ရင်လည်း မြန်မြန်သတ်လိုက်ကြပါတော့ဟု ရေရွတ်မြည်တမ်းမိလေ၏။

မောင်တင်လတ် ဆုတောင်းပြည့်လေသလားမသိ လူရိုင်းတို့သည် အဆူကြီး ဆူညံလာပြီး မောင်တင်လတ်ကို ထင်ထားသည့် ဝါးကပ်စင်ကို ပတ်ပတ်လည် ယမ်းရာမှ ရပ်တန့်လိုက်ပြီးလျှင် မီးဖိုကြီးကို ခေါင်းနှင့် ဦးသုံးကြိမ်တိုက်ကာ အနီးတွင်ရပ်နေသော လူရိုင်း

mgyoe.com

mgyoe.com

နတ်ဆရာကြီးကလည်း မီးပုံကြီးဆီသို့ လက်မြှောက်ရေရွတ်လိုက် မောင်တင်လတ်၏ကိုယ်ကို သစ်ခက်များ ကိုင်ထားသောသူ၏ လက်ကြီးနှင့် သုံးသပ်လိုက်နှင့်ရှိနေလေ၏။ ထိုအခိုက် အတန့်ကား ဆူညံစွာဟစ်အော် ကခုန်နေသော လူရိုင်းတွေနှင့် မုံသံများရပ်ဆိုင်းထားပြီး လူရိုင်းအားလုံး ဒူးထောက်ကာ မီးပုံကြီးကို အရိုအသေပေးနေခိုက်ဖြစ်သောကြောင့် လူရိုင်းနတ်ဆရာကြီး၏ ရွတ်ဖတ်သံနှင့် မီးတောက်ကြီးများ၏ တဖျစ်ဖျစ် မြည်သံကိုသာလျှင် တိတ်ဆိတ်ငြိမ်သက်ခြင်း၏ အသက်ရှူသံသဖွယ်ဖြစ်ပြီး ကြောက်ရွံ့ခြင်းကိုလည်း လေးနက်စေတော့သည်ဖြစ်ရာ မောင်တင်လတ်၏အဖို့ကား သေမင်း၏ခံတွင်းဝသို့ ခေါင်းဆိုက်၍နေပြီဖြစ်သောကြောင့် မထူးတော့ချေ၊ မိမိအသက်ကို မည်သို့ဖြတ်ခြွေကြမည်နည်း။ အရှင်လတ်လတ် မီးမြှိုက်၍သတ်မည်လော၊ လေးပေါင်လေးဘက် ဖြန့်၍ အမဲဖျက်သကဲ့သို့ သွေးစက်စက်ကျအောင် ခုတ်ဖြတ်ကာ၊ တစ်တုံးတစ်တစ်စီဝေငှစားသောက်ကြမည်လောဟုသာ တွေးတောနေရလေတော့သတည်း။

သို့နှင့် ရွတ်ဖတ်သရစ္ဈယ်မှုလည်း ပြီးဆုံးခြင်းသို့ရောက်လေပြီ။ လူရိုင်းတွေလည်း မောင်တင်လတ်၏ အလောင်းကို လုယက်ဖွဲ့ရွံ့စားရန် ရှေ့သို့တဖြည်းဖြည်းတိုးလာလေပြီ။ ဝါးကပ်ထမ်းစင်ကလေးကိုလည်း မီးထဲသို့ပို့ရန် တလှုပ်လှုပ် တရွရွနှင့် မစပြုကြသောအခါ မကြောက်ပါဘူးဟု စိတ်တင်းထားသော မောင်တင်လတ် တုန်လှုပ်လာသဖြင့် မျက်စိကို စုံမှိတ်၊ အံသွားကို နာနာကြိတ်၍ထားလိုက်ရလေ၏။

ထို့ခဏ၌ လူရိုင်းတို့၏အသံနှင့် ဖားစည်သံကြီးမှာလည်း တစ်ပြိုင်တည်း တိုး၍ ဆူညံလာလေ၏။ ထို့နောက် ဖားစည်သံမှ တီးနေဆဲ မတ်တတ်မှ၊ ရုတ်ပြတ်ရပ်ဆိုင်းသွားပြီး လူရိုင်းအထီး အမတို့၏ စူးစူးဝါးဝါးအော်သံများ ရုတ်တရက်ပေါ်လာလျက်၊ မိမိ၏ဝါးကပ်

mgyoe.com